# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 28, 2020 Volume 30, Number 14


### ၂၈.၄.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၉၃ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၂၀/- ကျပ် |
| CBM Rate | = ၁၄၁၉.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၉.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၈.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၉.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၀.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## သီးနှံအများစု ဈေးကွက်ပျက်နေသော်လည်း စပျစ်ဈေးကွက် နေ့စဉ်နီးပါး အရောင်းသွက်နေ



COVID–19 ဗိုင်းရပ်စ်ပြဿနာကြောင့် သီးနှံအများစု ဈေးကွက်ကျဆင်းနေ သော်လည်း စပျစ်သီးဈေးကွက်မှာမူ ပျက်ကွက်ခြင်းမရှိပဲ အရောင်းသွက်ကြောင်း စပျစ်ပင်စီးပွားဖြစ် စိုက်ပျိုးနေသူများက ပြောသည်။ ကျွန်တော်တို့ ရွာတန်းဒေသရဲ့ အဓိကထုတ်ကုန်ဖြစ်တဲ့ စပျစ်သီးတွေကို မြို့နယ်အလိုက် နေ့စဉ်ကုန်တင်ကားကြီးတွေနဲ့ တင်ပို့နေတာ အားရဝမ်းသာစရာပါ။ အခုလို ကပ်ရောဂါကျရောက်တဲ့ အချိန်မှာတောင် နေ့စဉ်လိုလို စပျစ်သီးအများကြီး ဈေးကွက်ထဲအရောက်ပို့ဆောင်ရောင်းချခွင့်ရနေတာ ဟာလည်း စပျစ်စိုက်တောင်သူတွေဖြစ်တဲ့ ကျွန်တော်တို့အတွက် အားရဝမ်းသာစရာဆိုရင် မမှားပါဘူးဟု မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ရွာတန်းဒေသမှ စပျစ်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေသူ ကိုမင်းဆက်ပိုင်ကပြောသည်။

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ ရွာတန်းတိုက်နယ် (၂၄) ရွာတွင် စပျစ်ပင်အများအပြားစိုက်ပျိုးကြပြီး၊ ထွက်ရှိသည့် စပျစ်သီးများကို ရန်ကုန်မြို့၊ ပဲခူးမြို့၊ မော်လမြိုင်မြို့၊ မြင်းခြံမြို့၊ ရေစကြိုမြို့၊ မိတ္ထီလာမြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့၊ မကွေးမြို့၊ မူဆယ်မြို့စသည့် တိုင်းနှင့်ဒေသအသီးသီးသို့ တင်ပို့ရောင်းချနေသည်။ ဝိုင်ထုတ်လုပ်တဲ့ စပျစ်သီးတွေကိုတော့ အေးသာယာကုမ္ပဏီနဲ့ ချိတ်ဆက်ပြီးတော့ စာချုပ်ချုပ်ဆိုပါတယ်။ ဝိုင်စပျစ်ကတော့ ဈေးကွက် အထူးရှာစရာမလိုပါဘူး။ အခုဆိုရင် တစ်ဧကကို ကုန်ချိန် (၄၀၀၀)လောက် စာချုပ်ချုပ်ဆိုပြီးပါပြီဟု ကိုမင်းဆက်ပိုင်က ဆက်လက်ပြောသည်။ အဆိုပါရွာတန်းဒေသရှိ တောင်သူများမှ ဝိုင်ထုတ်လုပ်သည့် စပျစ်မျိုး(၆)မျိုး၊ စားစပျစ်အမျိုးအစား(၁၅)မျိုးခန့်ကို နှစ်စဉ်စိုက်ပျိုးထုတ်လုပ်နေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/fresh_market_grape

## တရုတ်နိုင်ငံဘက်မှ နယ်စပ်ပိတ်ထားမှုကြောင့် မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့တွင် ပြောင်းဖူးတင်ထော်လာဂျီ အစီး ၄၀၀ ခန့်ပိတ်မိနေ



တရုတ်နိုင်ငံက COVID- 19 ရောဂါ ကျန်းမာရေးအခြေအနေအရ နယ်စပ်တစ်လျှောက် ပိတ်ထားမှုကြောင့် မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့အတွင်းရှိ နောင်ဖိုင်နှင့် ခါးလှိုင်ရွာအတွင်း ဧပြီ ၂၇ ရက် မှစတင်ကာ ပြောင်းဖူးတင် ထော်လာဂျီ အစီးလေးရာခန့် ပိတ်မိနေပြီး ဈေးနှိမ်ဝယ်ယူမှုများရှိကြောင်းသိရသည်။

အဆိုပါ ပြောင်းဖူးများမှာ မူဆယ်နမ့်ခမ်းဒေသထွက်ဖြစ်ပြီး လက်ရှိတွင် မြန်မာတရုတ်နယ်စပ်ရှိ ရွာချင်းစပ်နေသည့် နေရာများကိုပါ တရုတ်နိုင်ငံဘက်မှ အဝင်အထွက်အား တင်းကြပ်လိုက်ခြင်းကြောင့် အရောင်းအဝယ်များပြုလုပ်ရန် ခက်ခဲမှုများဖြစ်ပေါ်နေခြင်းဖြစ်သည်။ “မနေ့ကနဲ့ ဒီနေ့အထိ အစီးပေါင်းလေးရာလောက်တော့ ပိတ်မိနေတယ်။ အခုထိသွားလို့မရသေးဘူး ခင်ဗျား၊ တရုတ်ပြည်ရွှေလီ အာဏာပိုင်တွေက တရုတ်နယ်စပ်အကုန်လုံးကို ပိတ်လိုက်တဲ့အခါကျတော့ နယ်စပ်တလျှောက်မှာနေတဲ့ တောင်သူလယ်သမားတွေအကုန်လုံး တရုတ်ပြည်ကိုဘဲ ရောင်းဖို့ဘဲရှိတယ်လေ၊ အဲ့လိုအခါမျိုးမှာကျတော့ အကုန်လုံးက ပိတ်မိနေပြီး ဝင်လို့မရဘူး ဖြစ်နေတယ်” ဟု ပြောင်းဖူးစိုက်တောင်သူ စိုင်းမောဝ်အွန်ကပြောကြားသည်။

လက်ရှိတွင် ပြောင်းဖူးတစ်တန် ပေါက်ဈေးမှာ ယနေ့ (ဧပြီ ၂၇ ရက်) တွင် တရုတ် ယွမ် ၃၅၀၀ ပေါက်ဈေးရှိသော်လည်း ဈေးနှိမ်ဝယ်ယူခြင်းကြောင့် တစ်တန်လျှင် ယွမ် ၁၀၀၀ ကျော်သာ ရရှိကြောင်း၊ ပြောင်းဖူးပစ္စည်းကောင်းသည့်တိုင် တစ်တန်လျှင် ယွမ် ၃၀၀၀ ကျော်သာပေးကြောင်း မူဆယ်နမ့်ခမ်းမှလာတဲ့ တောင်သူလယ်သမားသည် တစ်ရက်လျှင် အစီး ၁၀၀ ကျော်ခန့် လာရောက်နေသဖြင့် အစီးလေးရာကျော် ပိတ်မိနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ တရုတ်နိုင်ငံက နယ်စပ်တလျှောက် တင်းကြပ်သော အစီအမံများချမှတ်ကာပိတ်ထားပြီး ကုန်သွယ်မှုမပျက်အောင် ကုန်စည်စီးဆင်းမှုကို ဖွင့်ပေးထားကာ ပြောင်းဖူးရောင်းဝယ်မှုကိုလည်း နားလည်မှုဖြင့်ခွင့်ပြုထားခြင်းဖြစ်သော်လည်း မူဆယ်မြို့အတွင်း COVID- 19 တွေ့ရှိပြီးနောက်ပိုင်း ပြောင်းဖူးရောင်းဝယ်မှုအပေါ် တရုတ်နိုင်ငံဘက်မှ ပိုမိုးတင်းကြပ်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရသည်။ ယခုအခါ မန့်ဟီးရိုးမြို့အဝင်ရှိ နောင်ဟင်၊ နောင်မွန်၊ နောင်ခေါ်၊ ကောင်းကွက်၊ နောင်ဖိုင်စသည့် အဝင်ပေါက်များကို ဒေသန္တရအမိန့်ဖြင့်သွားလာမှုကန့်သတ်ထားကာ စက်လှေဆိပ်များလည်းပိတ်ထားကြောင်း မန့်ဟီးရိုးမြို့နယ် အုပ်အုပ်ရေးမှူးရုံးက သိရှိရသည်။

**Source:** https://news-eleven.com/article/170957

## တရုတ်နိုင်ငံသို့ ကုန်ကားဝင်ရောက်မှု ထက်ဝက်ခန့်လျော့ကျ

COVID-19 ကြောင့် တရုတ်နိုင်ငံအတွင်းသို့ အစားထိုးယာဉ်မောင်းစနစ်ဖြင့်သာ ဝင်ရောက်ခွင့်ပြုသဖြင့် ကုန်ကားဝင်ရောက်မှု ထက်ဝက်ခန့်လျော့ကျပြီး အစီးရေ ၃၀၀ ဝန်းကျင်သာဝင်ရောက်နိုင်ကြောင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။ ထိုသို့ အစားထိုးယာဉ်မောင်းဖြင့် ဝင်ခွင့်ပြုသောကြောင့် ယခင်က တစ်ရက်လျှင် ကုန်ကားအစီးရေ ၆၀၀ ခန့် ဝင်ရောက်နိုင်ကြောင်းသိရသည်။ "အခုကက အစားထိုးယာဉ်မောင်း ဖြစ်သွားတာနဲ့ တစ်ရက်ကို ၅၀၀ ၊၆၀၀ ဝင်တာကနေ တစ်ရက်ကို အစီး ၂၀၀၊ ၃၀၀ ပဲ ဝင်တဲ့အနေအထားမှာ ကားတွေက ထပ်ထပ်သွားတယ်။ နောက်က ရောက်တဲ့အသစ်တွေက နောက်မှာ ဆက်တန်းစီတော့ အစောပိုင်းကဆို အစီးရေ ၁၅၀၀/၂၀၀၀ လောက် ဖြစ်သွားတဲ့ အနေအထားမှာဝင်တာက အစီး ၂၅၀ နဲ့ ၃၀၀ ဆိုတော့ အဆင်မပြေတဲ့အတွက် အသီးတွေက အောက်ကတင်ပို့တယ်၊ ဒီဘက်မှာက ထွက်ပေါက်က တစ်ပေါက်ထဲဖြစ်နေတော့ ဒီကြန့်ကြာမှုက လမ်းပိုင်းမှာ တော်တော်လေးထပ်သွားတယ်။ ကျော်တက်တဲ့ကားတွေလဲရှိတော့ ယာဉ်ပိတ်ဆို့ မှုတွေဖြစ်သွားတာကြောင့် ပိုပြီးတော့ ကြန့်ကြာမှုတွေဖြစ်သွားတယ်"ဟု မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ သစ်သီးဝလံကုန်စည်ဒိုင်ဒုတိယဥက္ကဋ္ဌ ဦးအောင်သက်ဦးကပြောသည်။

ထို့ကြောင့် အစိုးရအနေဖြင့် ယာဉ်လမ်းကြောရှင်းလင်းရန်အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် စနစ်တကျ လုပ်ဆောင်ပေးသင့်ကြောင်း ၊ ထိုကဲ့သို့ အစားထိုးယာဉ်မောင်းဖြင့်မောင်းနှင်သောကြောင့် မိမိကားအား အခြားသူသို့ ပေးမောင်းရခြင်း၊ ကား၏ဖွဲ့စည်းပုံမတူခြင်းကြောင့် မောင်းနှင်မှုများတွင် အဆင်မပြေခြင်းစသည့် အခက်အခဲများလည်းရှိကြောင်းသိရသည်။

တရုတ်နိုင်ငံအနေဖြင့် COVID-19 အဆုတ်ရောင်ရောဂါကို မပျံ့နှံ့စေရေး ကာကွယ်ထိန်းသိမ်းရန်အတွက် နယ်စပ်ဒေသ စီမံခန့်ခွဲရေးကို တင်းကျပ်စွာဆောင်ရွက်လျှက်ရှိပြီး ဧပြီလ ၁ ရက်မှစ၍ မူဆယ်ခရိုင်နှင့်ထိဆက်လျက်ရှိသော ဂိတ်ပေါက်များဖြစ်သည့် မန့်ဝိန်းဂိတ်၊ ဆင်ဖြူဂိတ်၊ နန်းတော်ဂိတ် ၊ ကျင်စန်းကျော့ဂိတ်၊ ပန်ဆိုင်း (ကြူကုတ်)ဂိတ်နှင့် မန့်ဟီးရိုးဂိတ်မှ တဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ လူဝင်လူထွက်ခွင့်မပြုတော့ဘဲ သစ်သီးကားများ ကုန်သွယ်မှုပြုနေသည့် ကျင်စန်းကျော့ဂိတ်မှသာ ကုန်တင်ယာဉ်များကို အဝင်/အထွက်ခွင့်ပြုထားသည်။ အဆိုပါကုန်တင်ယာဉ်များကို အဝင်/အထွက်ခွင့်ပြုထားသည့် ကျင်စန်းကျော့ဂိတ်တွင်လည်း COVID-19 ကပ်ရောဂါအခြေအနေ၏ သက်ရောက်မှုများကြောင့် တရုတ်ကျန်းမာရေးဌာနမှ မြန်မာယာဉ်မောင်းများ တိုက်ရိုက်မောင်းဝင်သောစနစ်အစား ဧပြီ ၂၀ ရက်မှစ၍ တရုတ်နိုင်ငံဘက်ခြမ်းရှိ အစားထိုးယာဉ်မောင်းဖြင့်သာ ဝင်ခွင့်ပြုထားသည်။

**Source:** https://www.facebook.com/fifthwavenews/posts/655102171887177?__tn__=K-R

## ဗဟိုစံပြငါးဈေးကြီး၌ ရေလမ်းမှဝင်ရောက်လာသောငါးများသာ ရောင်းချခွင့်ပြု

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကာလအတွင်းလူစုလူဝေးမဖြစ်စေရန်ရည်ရွယ်ကာ ဗဟိုစံပြငါးဈေးကြီးသို့ ယခင်က ကုန်းလမ်း၊ ရေလမ်းနှစ်မျိုးမှဝင်ရောက်လာသော ငါးများကိုရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့သော်လည်း ယခုအခါ ရေလမ်းကြောင်းမှ စက်လှေများဖြင့် ဝင်ရောက်လာသော ငါးများကိုသာရောင်းချခွင့်ပြုထားသည်။ အဆိုပါ ဈေးကြီးအတွင်း လူစုလူဝေးဖြစ်ပေါ်မှု လျော့နည်းစေရေး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ က မြို့တော်ခန်းမ၌ ဧပြီ ၂၀ ရက်တွင် ဈေးသာယာရေး အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် အထက်ပါအတိုင်းရောင်းချမှုကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။ "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဧပြီ ၂၄ ရက်မှာ ဗဟိုစံပြငါးဈေးကြီးထဲကို သား/ငါးကုန်စည် တင်ဆောင်လာတဲ့ ကားတွေကို အဝင်မခံတော့ဘူး။ ရေလမ်းကလာတဲ့ ကုန်တွေပဲလက်ခံမယ်လို့ အမိန့်စာထွက်လာတယ်။ ဒီဈေးကြီးမှာ ကုန်စည်စီးဆင်းမှုက နေ့စဉ် ရေချိုငါးပိသာချိန် လေးသိန်းမှငါးသိန်း အရောင်းအဝယ်ရှိပါတယ်။ နယ်ကပို့တာလည်း ပိဿာကုန်ချိန် တစ်သိန်းခွဲနဲ့ နှစ်သိန်းကြားရှိတယ်။ ရေလမ်းက အခုအမိန့်ထုတ်ပြီးချိန်မှာ စက်လှေတစ်စင်းကို ကုန်ချိန် ၈၀၀၀ နဲ့ နေ့စဉ်ငါးစင်းနဲ့ ကုန်ချိန် ၄၀၀၀၀ လောက်ပဲဝင်တယ်။ တကယ်လိုအပ်ချက်က ကုန်ချိန် လေးသိန်းနဲ့ငါးသိန်းကြား လည်ပတ်မှုနဲ့ဆို ၁၀ ဆမကကွာနေပြီး ကုန်စည်စီးဆင်းမှုက အလွန်ကိုကွာခြားနေတယ်။ စက်လှေကနေ ပါလာတာလေးပဲ ပို့ရတော့ ဈေးကရပ်တန့်သွားပါပြီ။ ကုန်စည်စီးဆင်းမှုမရပ်တန့်အောင်ဈေးကို ပိတ်ပါလို့လည်းမပြောဘူး"ဟု ဗဟိုစံပြငါးဈေး သာယာရေး ကော်မတီ တွဲဖက်ဘဏ္ဍာရေးမှူးဦးကျော်သူက ယနေ့ နံနက်ပိုင်းတွင် ယင်းဈေး၌ပြုလုပ်သော သတင်းစာရှင်းလင်း ပွဲတွင် သတင်းထောက်များအားပြောကြားသည်။ ကော်မတီအနေဖြင့် ဈေးပိတ်ချိန် ည ၇နာရီမှ နံနက် ၄ နာရီကြား နယ်ငါး အအေးခန်းကားများ ဝင်ရောက်ငါးချခွင့်ပေးရန်မေတ္တာရပ်ခံတင်ပြထားကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် လူစုလူဝေးဖြစ်ပွားမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ဗဟိုစံပြငါးဈေးကြီး၌ လူစုလူဝေးများလျော့နည်းစေရန် နှင့် ကုန်စည်ပြတ်လပ်မှုမရှိစေရေးတို့အတွက် ဈေးဝယ်ယာဉ် နှင့် Jetty အအေးခန်းယာဉ်များဝင်ရောက်ခြင်းကို ဧပြီ ၂၄ ရက် နံနက် ၅ နာရီမှစတင်ကာ ကန့်သတ်လိုက်ခြင်းဖြစ် သည်။ သို့သော်လည်း ကုန်စည်စီးဆင်းမှုကို မထိခိုက်စေရန် လည်းဆောင်ရွက်စေလိုကြောင်း၊ အရှင်းပိတ်သိမ်းလိုက်ခြင်းမဟုတ်ကြောင်းသိရသည်။ ယင်းအတွက် ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီး၌ ဝင်ပေါက်/ထွက်ပေါက်များတွင် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသာယာရေးကော်မတီဝင်များ စုပေါင်းကာ ငါးကား၊ ရေခဲ တင်ကားများကို ငါး၊ ပုစွန် ကုန်စည်မပါဘဲ အဝင်ခံပြီး စစ်ဆေးမှုများကိုလည်းဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် ကျင်းပသောရှင်းလင်းပွဲမှသိရသည်။

ယခုအခါတွင် ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီး၌ နယ်မှလာရောက်ကြသော ပုံကျဈေးသည်နှင့်အကျိုးဆောင်များမပါ အမာခံသားငါးများ ရောင်းဝယ်ဖောက်ကားဖြန့်ချိနေသော မွေးမြူရေးနှင့်ကန်ငါးရောင်းချသည့်ဒိုင် ၅၀ ခန့်အပါဝင် ငါးဒိုင်စုစုပေါင်း ၁၄၆ ဒိုင်ရှိကြောင်း၊ နေ့စဉ် ငါး၊ ပုစွန် ကုန်ချိန်ပိဿာငါးသိန်းခန့် ဖြန့်ဖြူးရောင်းချနေသော သားငါးဈေးကြီးဖြစ်ကြောင်း၊ မြန်မာပြည်နယ်စပ်မြဝတီမြို့မှဝင်ရောက်နေသောပုံကျဈေးသည်နှင့်ကုန်စည်များကို ရွှေပိတောက်ငါးဈေးသို့ ရွှေ့ပြောင်းလိုက်ကြောင်း ယနေ့ရှင်းလင်းပွဲမှသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/posts/2899470603479141?__tn__=K-R

## အညာ၌ စမုန်နက်နှမ်းအသစ်များ အထွက်ကောင်းပြီး ဈေးကောင်းရ



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တွင် စမုန်နက်နှမ်းများ စတင်နုတ်သိမ်းနေရာ အထွက်ကောင်းမွန်ကြောင်း တောင်သူများထံမှသိရသည်။ နွေရာသီတွင် ကိုင်းမြေများ၌ မြေအောက်မှ အဝီစိရေကို ရေတင်စက်များဖြင့်ရယူကာ ရေသွင်းစနစ်ဖြင့် စမုန်နက်နှမ်းကို အဓိကစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ ရေနံချောင်းမြို့နယ်မှတောင်သူ ဦးသိန်းက "စမုန်နက်နှမ်းတွေ အောင်မြင်ဖြစ်ထွန်းနေပြီး တောင်သူတော်တော်များများ နုတ်သိမ်းနေပြီ။ ယခင်နှစ်မှာ ၁၅ တင်းရတဲ့ တောင်သူတွေ ယခုနှစ်မှာ တင်း ၂၀ ရကြတယ်။

တစ်တင်းကို ကျပ် ၇၅၀၀၀ ဝန်းကျင်နဲ့ ဝယ်တယ်။အခုနှစ် ဆောင်းနှမ်းတစ်တင်း ကျပ် ၆၈၀၀၀ရှိတယ်။ ရေသွင်းသီးနှံတွေကနေ ဝင်ငွေရတယ်" ဟုပြောကြားသည်။ စမုန်နက်နှမ်းကို ပြည်တွင်းပြည်ပဝယ်လိုအားရှိသောကြောင့် မြို့တက်ရောင်းစရာမလိုဘဲ ကျေးရွာရှိငွေရှိသူ ပွဲစားများကဝယ်ယူနေကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/posts/2899470603479141?__tn__=K-R

## COVID-19 ကြောင့် မြန်မာပဲတင်ပို့မှု အခက်တွေ့

ကိုဗစ်အကြပ်အတည်း အခြေအနေကြောင့် အိန္ဒိယဘက်က ဝယ်ယူဖို့ရှိတဲ့ မတ်ပဲတွေကို မြန်မာဘက်က တင်ပို့ဖို့ အခက်ကြုံနေတဲ့အကြောင်းကို ဗွီအိုအေမြန်မာပိုင်းသတင်းထောက် ကိုဇော်ထက်က တင်ပြပေးပါမယ်။ အိန္ဒိယဝယ်ယူထားတဲ့ မတ်ပဲခွဲတမ်းတန်ချိန် ၂ သိန်းခွဲကို မြန်မာဘက်က မေလ ၁၅ ရက် အိန္ဒိယအရောက် တင်ပို့ပေးရမှာဖြစ်ပြီး၊ ပြည်တွင်း စက်မှုဇုန်တွေမှာ ကျန်းမာရေးစစ်ဆေးမှုတွေ ကြန့်ကြာနေလို့ ဒီခွဲတမ်းပမာဏကို မြန်မာဘက်က ဆုံးရှုံးနိုင်ခြေရှိကြောင်း ပဲကုန်သည်တွေကပြောပါတယ်။ ဒီမေလ ၁၅ ရက်ဆိုတာ အိန္ဒိယအစိုးရက COVID-19 ရောဂါကြောင့် သက်တမ်းထပ်တိုးပေးထားတာဖြစ်ပြီး၊ ဒီထက်အချိန်ထပ်တိုးပေးဖို့ ဖြစ်နိုင်ချေနည်းတဲ့အပေါ်မှာ ကုန်သည်တွေက စိုးရိမ်လာကြတာပါ။ လှိုင်သာယာမှာ စက်မှုဇုန် ၁ ကနေ ၇ မှာ စက်ရုံ ၃၀၀ လောက်က ပဲသန့်စင်စက်ရုံတွေပါ။ ဒီစက်ရုံတွေဟာ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားထားတဲ့အတိုင်း လိုက်နာမှုရှိ၊ မရှိ စစ်ဆေးတာတွေခံယူပြီးမှဖွင့်ခွင့်ရမှာပါ။

ဒါကြောင့် အစိုးရက စစ်ဆေးမှုတွေ မြန်မြန်ဆန်ဆန်လုပ်ပေးဖို့ လုပ်ငန်းရှင်တွေကမျှော်လင့်ကြောင်း လှိုင်သာယာ စက်မှုဇုန် ၆ ခုရဲ့ ဥက္ကဋ္ဌ ဦးအုန်းဆိုင်က ဗွီအိုအေကိုပြောပါတယ်။ "မေ ၁၅ ရက်ကို နောက်ဆုံးတင်ရမယ်၊ အိန္ဒိယကို အရောက်တင်ရမယ်၊ တကယ်လို့ မတင်နိုင်ရင် အဲဒီရောင်းထား၊ ဝယ်ထားတဲ့ဟာတွေက အိန္ဒိယအစိုးရက လက်မခံဘူးပေါ့ဗျာ။ ဒီမှာ အိတ်စပို့တာတွေက ရောင်းထားတယ်၊ import လုပ်ထားတဲ့ အိန္ဒိယနိုင်ငံသားတွေက ဝယ်ထားတယ်၊ သန့်စင်မယ်၊ ထုပ်ပိုးမယ်၊ တင်မယ်လုပ်လို့မရဘူးဆိုရင် အခုက ရက်ကဘာမှမလိုဘူးဆိုတော့၊ အိန္ဒိယကို သွားမယ်ဆိုတာ တိုက်ရိုက်သင်္ဘောလည်း မဟုတ်ဘူး၊ စင်္ကာပူ transit သွားမယ်ဆိုတော့ ဘယ်လိုပဲပြောပြော ၂ ပတ်ကြာမှာ။ ဒီမှာ အခက်အခဲတွေက အများကြီးရှိတယ်၊ ဒါ ဟိုဘက်က transit လုပ်တာမြန်ဦးမှ။"

အိန္ဒိယရဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မတ်ပဲခွဲတမ်းကို မြန်မာဘက်က မတ်လ ၃၁ ရက် နောက်ဆုံးထားပို့ပေးရပေမဲ့ သမ္မတဦးဝင်းမြင့်အိန္ဒိယ ခရီးစဉ်အပြီး အခုဧပြီလ ၃၀ ရက်အထိ တလထပ်တိုးပေးလိုက်ပါတယ်။ ဒါပေမဲ့ အခု COVID-19 ရောဂါကြောင့် မေလ ၁၅ ရက်အထိ ထပ်တိုးပေးထားပြီး နောက်ထပ် ထပ်တိုးနိုင်ခြေနည်းကြောင်း နယူးဒေလီ မြန်မာသံရုံး စီးပွားရေးသံမှူး ဦးနေအေးလွင်က ပြောပါတယ်။ "ဒီကြားထဲမှာ COVID ကြောင့်မို့ နောက်ထပ် ၁၅ ရက် extension ထပ်လုပ်ပေးလိုက်တာ မေလ ၁၅ ရက်အထိပေါ့။ လောလောဆယ် ကျနော့်အမြင်ပေါ့ အိန္ဒိယအနေနဲ့ သူ့မှာ demand ရှိနေတဲ့အတွက် ခုနကလို extension ကလည်း ၂ ကြိမ်ပေးထားပြီးပြီ နောက်ထပ် ထပ်ပြီးတောင်းမယ်ဟော့ ဆိုလို့ရှိရင် ဒါကတော့ သူတို့လည်း တော်တော်လေး စဉ်းစားမယ့်အနေအထား ရှိပါတယ်။"

ကျန်းမာရေးဝန်ကြီးဌာန လမ်းညွှန်ချက်အတိုင်းလိုက်နာပြီး စစ်ဆေးခံထားထားတဲ့ စက်ရုံက သုံးပုံတပုံလောက်ပဲ ရှိပါသေးတယ်။ ကျန်တဲ့စက်ရုံတွေ စစ်ဆေးနိုင်ဖို့ အစိုးရက အင်အားထပ်ဖြည့်ထားကြောင်း လှိုင်ယာသာ ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်ကပြောပါတယ်။ "စက်ရုံပေါင်း ၂,၀၀၀ နီးပါးလောက်ကို ဒီနေ့နဲ့မှ ၄၊ ၅၀၀ လောက်ပဲ စစ်ပြီးသားရှိတယ်၊ အခုကတော့ နေပြည်တော်ကနေ စစ်ဆေးမယ့်အင်အားတွေ ထပ်ပြီးတိုးချပေးလိုက်တယ်၊ တိုးလာတဲ့ အင်အားနဲ့ ထပ်စစ်လိုက်မယ်ဆိုရင် မြန်မြန်ဆန်ဆန်တော့ပြီးသွားမှာပေါ့။"

မြန်မာနိုင်ငံက ပဲတင်သွင်းခွင့်ကို ၂၀၁၇ ကတည်းက အိန္ဒိယအစိုးရကကန့်သတ်လိုက်ပြီး ကိုတာ (ခွဲတမ်း) ပုံစံနဲ့ ဝယ်ယူနေလို့ ပြည်တွင်းမှာ ပဲဈေးကွက်အထိနာခဲ့ကြောင်း ကုန်သည်တွေကပြောပါတယ်။ ဒါက အိန္ဒိယမှာ မတ်ပဲအထွက် တိုးလာပြီး သူ့နိုင်ငံတွင်းလိုအပ်ချက်ပမာဏ ပြည့်မီလာလို့ဖြစ်ပါတယ်။ အီးယူ၊ အမေရိကန်၊ ကိုရီးယား၊ ဂျပန်အပါအဝင် တခြားနိုင်ငံပေါင်း ၁၀၀ ကျော်ကို ပဲအမျိုးအမျိုး တန်ချိန် ၁,၀၀၀,၀၀၀ ကျော်နှစ်တိုင်း မြန်မာဘက်က တင်ပို့နေတာပါ။ ဒီပမာဏက အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရှိတယ်လို့ ပဲကုန်သည်တွေက ပြောပါတယ်။

**Source:** https://burmese.voanews.com/a/india-myanmar-

## အိန္ဒိယရှိ ပြည်ပပိုကုန်ထုတ်စက်ရုံများ ပြန်လည်ပတ်

အိန္ဒိယနိုင်ငံရဲ့ စက်မှုခရိုင် ဘာရချ်က ပြည်ပတင်ပို့ကုန်တွေ အဓိကထုတ်လုပ်တဲ့ စက်ရုံတွေကို ပြန်ဖွင့်ဖို့ ဧပြီ ၂၅ ရက်က အစိုးရက ခွင့်ပြုခဲ့တဲ့အတွက် ထုတ်လုပ်မှုတွေ ပြန်စနေပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုထိန်းချုပ်ရေးအတွက် ကမ္ဘာ့အကြီးဆုံး အသွားအလာ ကန့်သတ်မှု လော့ဒေါင်းဖြစ်ခဲ့တဲ့ အိန္ဒိယမှာ အချိန် ၁ လကျော်အတွင်း ပထမဆုံး ပြန်စတာပါ။ ဝန်ကြီးချုပ် နရင်ဒြာမိုဒီရဲ့ ဇာတိမြေဂူဂျာရတ်မှာ အာဏာပိုင်တွေက ဧပြီ ၂၅ ရက်နေ့က စပြီး ကုမ္ပဏီပေါင်း ၂၅၀၀ ကို ဝန်ထမ်းအင်အား တဝက်နဲ့ ပြန်စဖို့ခွင့်ပြုခဲ့ပါတယ်။

ဒါပေမယ့် ဝန်ထမ်းတွေဟာ မျက်နှာဖုံးတွေ လက်အိတ်တွေဝတ်ပြီး သင့်တော်အောင် လူချင်းခွာနေရတာတွေ ဆက်လုပ်ဖို့ လိုပါတယ်။ စက်မှုအုပ်စုဝင်တွေကလည်း လှုပ်ရှားမှုတွေ တစိတ်တပိုင်းပြန်ဖွင့်တာကို ကြိုဆိုပါတယ်။ ဒါပေမယ့် လုပ်ငန်းအများအပြားက ကုန်ကြမ်းပြတ်နေပြီး လုပ်သားတွေရဲ့ လှုပ်ရှားမှုကို ရဲတွေက ကန့်သတ်ထားလို့ လုပ်ငန်းတွေ အဆင်မပြေမချောမွေ့ ဖြစ်နေပါတယ်။ အိန္ဒိယနိုင်ငံမှာ ဧပြီ ၂၅ ရက် အတည်ပြုချက်အရ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံ ၂၇၀၀၀ နီးပါး ရှိပြီး ကူးစက်ခံ ၈၂၆ ယောက် သေဆုံးခဲ့ပြီးပါပြီ။ အာဏာပိုင်တွေကတော့ အသွားအလာကန့်သတ်မှု လုပ်ဆောင်ချက်တွေကို လိုက်နာမှုရှိမရှိ အာရုံစိုက်ကြပ်မတ်မယ့်အဖွဲ့တွေကို ဖွဲ့စည်းခဲ့ပြီးပါပြီ။

**Source : DVB**

https://news.ydnp.net/343659/

## ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များကို ယာယီသက်တမ်းတိုးမြှင့်ပေး

ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်ကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ လျှင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များကို ယာယီသက်တမ်းတိုးမြှင့်ပေးလိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနထံမှသိရသည်။ ဧပြီ ၂၇ ရက်နေ့မှ ဇူလိုင် ၃၀ ရက်နေ့အတွင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် (ပသက) သက်တမ်းကုန်ဆုံးမည့် ကုမ္ပဏီများအနေဖြင့်အွန်လိုင်းပို့ကုန်သွင်းကုန်လိုင်စင်စနစ်နှင့် ဆက်စပ်လုပ်ငန်းများအဆင်ပြေဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနတွင် လာရောက်သက်တမ်းတိုးရန်မလိုဘဲ မှတ်ပုံတင်စနစ်မှ ဇူလိုင် ၃၀ ရက်နေ့အထိ ယာယီတိုးမြှင့်ပေးထားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါကာလကျော်လွန်ပါက သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် မူလကုန်ဆုံးခဲ့သည့်ရက်မှ လုပ်ထုံးလုပ်နည်း အတိုင်း ပြန်လည်သက်တမ်းတိုးဆောင်ရွက်ရမည်ဖြစ်ကြောင် [illegible] ရေးဦးစီးဌာနထံမှသိရသည်။ ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့် ပို့ကုန်သွင်းကုန် HS Line ၇၀၀ ကျော်ကို [illegible] လိုင်းစနစ် (Fully Online) ဖြင့်ထုတ်ပေးနေပြီး နေ့စဉ် စုစုပေါင်းလိုင်စင်လျှောက်ထားမှု၏ ၈၀ ရာခိုင်နှုန်းခန့်ကို ရုံးဌာနသို့လာရောက်ရန်မလိုဘဲ ထုတ်ပေးနေခြင်းဖြစ်ကာ Fully Online ဖြင့်လျှောက်ထားရာတွင် လိုင်စင်ပါအချက်အလက်များဖြည့်သွင်းပြီး Invoice (သို့) SaleContract နှင့် သက်ဆိုင်ရာဌာနထောက်ခံချက် (လိုအပ်ပါက) နှစ်မျိုးကိုသာပူးတွဲတင်ပြရန်လိုအပ်ကြောင်းသိရသည်။ ထို့ပြင် ဆေးနှင့်ဆေးပစ္စည်းကုန်ကြမ်းလိုင်စင်များအတွက် သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုထားပြီး ဖြစ်သည့်အတွက် ဧပြီ ၂၇ ရက်နေ့မှစတင်၍ ဆေးနှင့်ဆေးပစ္စည်း လိုင်စင်တစ်စောင်လျှင် Item အရေအတွက် ဆယ်ကြောင်းအထိသာ အများဆုံးလျှောက်ထားခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနထံမှသိရသည်။

**Source : The Voice**


https://news.ydnp.net/343590/

## ကျဆင်းမှုလမ်းကြောင်းဆီသို့ဦးတည်နေသော ကိုရီးယားသမ္မတနိုင်ငံ၏ လက်ရှိ စီးပွားရေးအခြေအနေနှင့် တောင်ကိုရီးယားအစိုးရ၏ စီးပွားရေးရာကုစားမှု အစီအမံများအပေါ် စီးပွားရေးပညာရှင်များ၏ဝေဖန်သုံးသပ်မှုများကိုတင်ပြခြင်း

ကိုရီးယားသမ္မတနိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါCOVID-19 ၏ရိုက်ခတ်မှုဒဏ်ကြောင့် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်တို့ကျဆင်းခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်၊ ပထမသုံးလပတ်အတွင်း နိုင်ငံ၏စီးပွားရေးသည် (၁.၄) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ တောင်ကိုရီးယားဗဟိုဘဏ် Bank of Korea၏၂၃-၄-၂၀၂၀ ရက်နေ့တွင်ထုတ်ဖော်ပြောကြားချက်အရ သိရှိရပါသည်။ ထိုကဲ့သို့ ကျဆင်းမှုသည် ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုကာလတွင် ယင်းနှစ်၏ စတုတ္ထသုံးလပတ်ကာလ၌ (၃.၃)ရာခိုင်နှုန်းကျဆင်းခဲ့ပြီးသည့်နောက်၊ ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း အကြီးမားဆုံး စီးပွားရေးကျဆင်းမှုလည်းဖြစ်ကြောင်း၊ အာရှဒေသ၏ စတုတ္ထမြောက်စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်သောတောင်ကိုရီးယား၏ စီးပွားရေးအခြေအနေသည်ဒုတိယသုံးလပတ်ကာလတွင် ပိုမိုကျဆင်းရန်အလားအလာများစွာရှိနေကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် ပုံမှန်အားဖြင့် သုံးလပတ်ကာလတာ (၂)ခု ဆက်တိုက် GDP ကျဆင်းပါက စီးပွားရေး ကျဆင်းပြီဟု သတ်မှတ်နိုင်ကြောင်းစီးပွားရေးပညာရှင်များကသုံးသပ်လျက်ရှိပါသည်။

ပြည်တွင်းအိမ်ထောင်စုများ၏ သုံးစွဲနိုင်မှုသည် ပထမသုံးလပတ်ကာလအတွင်း (၆.၄) ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး၊ ၁၉၉၇-၁၉၉၈ အာရှဘဏ္ဍာရေးအကျပ်အတည်းနှင့်ရင်ဆိုင်ခဲ့ရစဉ်က ၁၉၉၈ ခုနှစ်တွင် (၁၃.၈) ရာခိုင်နှုန်း ကျဆင်းခဲ့သည့်နောက်ပိုင်း (၂၂)နှစ်တာ ကာလအတွင်း အကြီးမားဆုံးသောကျဆင်းမှုဖြစ်ကြောင်း၊ လက်ရှိကာလတွင်ဗိုင်းရပ်စ်ပြန့်ပွားမှုကြောင့် ပြည်သူ များသည်အပြင်မထွက်ရဘဲ အိမ်တွင်း၌သာနေထိုင်ကြရသဖြင့် အစားအသောက်၊ တည်းခိုနေထိုင်မှု၊ ဖျော်ဖြေရေး စသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် သုံးစွဲနိုင်မှု လျော့ကျလျက်ရှိကြောင်း၊ ပို့ကုန်သည် ၂၀၁၉ ခုနှစ်၊ စတုတ္ထသုံးလပတ်ကာလအောက် (၂)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မော်တော်ယာဉ်နှင့် ဓာတုဗေဒပစ္စည်းများတင်ပို့နိုင်မှု

လျော့ကျခဲ့ပြီး၊ Semiconductor ကဏ္ဍက အဆိုပါလျော့ကျသည့်ပမာဏကို ဖေးမ ကာမိခဲ့ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် (၂) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ယင်းသည် ၁၉၉၈ ခုနှစ်တွင် (၆.၂) ရာခိုင်နှုန်း ကျဆင်းခဲ့သည့်နောက် အကြီးမားဆုံးဖြစ်ကြောင်း သိရှိရပါသည်။




ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်ကာလအထိ GDP တိုးတက်မှုအခြေအနေပြပုံ

Coronavirus သည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများသို့ ပျံ့နှံ့လျက်ရှိသည့် အတွက် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်တွင်စီးပွားရေးအခြေအနေသည်ပိုမိုဆိုးရွားလာဖွယ်ရာ ရှိခြင်းသည်အဓိကအရေးကြီးသည့်အချက်ဖြစ်ပြီး၊ နိုင်ငံ၏စီးပွားရေးနှင့် အလုပ်အကိုင်ကဏ္ဍများ ကိုထိခိုက်လာမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားအစိုးရမှလည်း ယင်းအခြေအနေများကိုကြိုတင် တွက်ဆထားပါကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး Hong Nam-Ki ၏ ထုတ်ဖော်ပြော ကြားမှုအရ သိရှိရပါသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းပညာရှင်များအနေဖြင့် ဗိုင်းရပ်ကြောင့် စီးပွားရေးကဏ္ဍအပေါ် ထိခိုက်မှုများအတွက် ရေတိုကုစားမှုအစီအမံများအပေါ်တွင် အဆိုးမြင် လျက်ရှိကြောင်းသိရှိရပြီး၊ ပြည်တွင်းစားသုံးမှုလွန်စွာကျဆင်းလျက်ရှိခြင်းက စီးပွားရေးတိုးတက် မှုအရှိန်အဟုန်ကိုများစွာလျော့ကျစေကြောင်း၊ ယခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းသည် အနုတ်မပြဘဲ သုညရာခိုင်နှုန်းတွင် ရပ်တည်နေနိုင်လျှင်ပင်ကျေနပ်ရမည့်အနေအထားဖြစ်ကြောင်း ယွန်ဆေးတက္ကသိုလ်မှ စီးပွားရေးပညာရှင် Sung Tae-yoon က ပြောကြားခဲ့ပါသည်။

လက်ရှိစီးပွားရေးပြဿနာများကိုဖြေရှင်းရာတွင် ရှင်းလင်းပြတ်သားသည့် အောင်မြင်မှုများ မရရှိနိုင်သောကြောင့် ၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေးကျဆင်းရန်အလားအလာများစွာရှိနေကြောင်း၊ အစိုးရမှစီးပွားရေးဆိုင်ရာကုစားမှုများအတွက် ရန်ပုံငွေများပိုမိုခွင့်ပြုချထားပေးနိုင်လျှင် နိုင်ငံ၏ GDP ကျဆင်းမှုကိုကုစားရန် အထောက်အပံ့ဖြစ်နိုင်သော်လည်း ယင်းသည် စီးပွားရေးတည်ငြိမ်ပြီး မူလလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရန်မဖြစ်နိုင်သေးကြောင်း၊ အဓိကအကြောင်းရင်းမှာ ကမ္ဘာ့ကပ်ရောဂါ Coronavirus မှအစပြုသည့် ပြည်တွင်း/ပြည်ပသက်ရောက်မှုများ၏ စီးပွားရေးအပေါ်ရိုက်ခတ်မှုဒဏ်ကို ကြီးစွာခံစားနေရခြင်းကြောင့်ဖြစ်ကြောင်း၊ ဗိုင်းရပ်စ်ကြောင့် ပြည်ပစီးပွား ရေးဆက်သွယ်မှုဆိုင်ရာများ ကျဆင်းမှုအနေအထားနှင့် ပြည်သူများ၏ ကမ္ဘာ့ကပ်ရောဂါကိုတန်ပြန် ရင်ဆိုင်နိုင်မှုအခြေအနေတို့သည် မည်မျှရှိမည်ကို ဒုတိယသုံးလပတ် GDP တိုးတက်မှုနှုန်းတွင် ထင်ဟပ်တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စီးပွားရေးရာကုစားမှုအစီအမံများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်နိုင်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပို၍နီးကပ်စွာဆောင်ရွက်ရန် အစိုးရသို့ တိုက်တွန်းအကြံပြုလိုပါကြောင်း Korea Capital Market Institute ၏ စီးပွားရေးပညာရှင် Noh San-ha က ပြောကြားခဲ့ပါသည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍအပါအဝင် ဗိုင်းရပ်စ်ကြောင့်ထိခိုက်ရသည့်ကဏ္ဍများသို့ ဗဟိုဘဏ်မှ ဘဏ္ဍာရေး ဆိုင်ရာ ငွေပေါ်လွယ်မှု ကုစားမှုအစီအမံများခွင့်ပြုခဲ့သော်လည်းကုမ္ပဏီများ၊ စီးပွားရေးကဏ္ဍများအနေဖြင့် ဥပဒေရေးရာ အခြားအခက်အခဲများ ရှိနေပါသေးကြောင်း၊ အစိုးရအနေဖြင့် ကုစားမှုအစီအမံများကို ခွင့်ပြုပြီးသည်နှင့် သက်ဆိုင်သူတို့၏ လက်ဝယ်အကျိုး ခံစားခွင့်ရရှိရေးလျှင်မြန်စွာဆောင်ရွက်ပေးနိုင်လျှင်ပိုမိုထိရောက်မည်ဖြစ်ကြောင်း ဝေဖန်သုံးသပ်လျက်ရှိမှုကိုသိရှိရပါသည်။ ကိုရီးယားသမ္မတနိုင်ငံအစိုးရအနေဖြင့် COVID-19 ကြောင့်ထိခိုက်ရသည့် စီးပွားရေးလုပ်ငန်း များအတွက် စီးပွားရေးရာကုစားမှုအစီအမံများကို သမ္မတကိုယ်တိုင်ဦးစီး၍ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အပတ်စဉ်စီးပွားရေးဆိုင်ရာ ကော်မတီအစည်းအဝေးများကျင်းပလျက်ညှိနှိုင်းဆွေးနွေး ကာ COVID-19 ဆိုင်ရာ စီးပွားရေး/ ဘဏ္ဍာရေးရာကုစားမှု အရေးပေါ်ဘဏ္ဍာရန်ပုံငွေ

ခွင့်ပြုခြင်းများ ကိုဆက်တိုက်ဆောင်ရွက်လျက်ရှိပြီးအဓိကထိခိုက်သည့်စီးပွားရေးလုပ်ငန်းရပ်များနှင့် ပြည်သူများ အားဦးစီးပေး၍ ကဏ္ဍစုံ၌ ဘဏ္ဍာရေးအထောက်အပံ့၊ အခွန်လျှော့ပေါ့ပေးမှု၊ ကာလရွှေ့ဆိုင်းပေးမှု၊ ငွေပေါ်လွယ်စေမည့် sxအစီအမံများ၊ ဘဏ္ဍာရေးဆိုင်ရာအကူအညီများကို အရေးပေါ်ရန်ပုံငွေများ၊ ဖြည့်စွက်ရန်ပုံငွေများမှတစ်ဆင့်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ လတ်တလော တွင် ၂၂-၄-၂၀၂၀ ရက်နေ့၌ အဓိကထိခိုက်သော စီးပွားရေးကဏ္ဍများအတွက် ကိုရီးယားဝမ် (၄၀) ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၂.၄ ဘီလီယံ) တန်ဖိုးရှိ စီးပွားရေးကုစားမှုအစီအမံနှင့် အလုပ် အကိုင်အခွင့်အလမ်း ကာကွယ်ထိန်းသိမ်းရေးအတွက် (၁၀) ထရီလီယံဝမ်တို့ကို ထပ်မံခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး – မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ Lockdowns များကြောင့် ဥရောပ၏ ကားရောင်းချမှု ၅၅ ရာခိုင်နှုန်းကျဆင်း

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့နေမှုကို ထိန်းချုပ်နိုင်ရေး ဥရောပနိုင်ငံအများစုတွင် အသွားအလာကန့်သတ်မှု (lockdowns) များ ဆောင်ရွက်ခဲ့ရခြင်းကြောင့် ပြီးခဲ့သည့်လအတွင်း ဥရောပ၏ မော်တော်ယာဉ်ရောင်းချမှုတွင် (၅၅) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပြီးခဲ့သည့်လအတွင်း မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်သည့် ကားအသစ်များအရေအတွက် (၅၆၇၃၀၈) စီးရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလအတွင်း ရောင်းချခဲ့သည့်အရေအတွက် (၁.၂) သန်းနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ဥရောပမော်တော်ယာဉ်ထုတ်လုပ်သူများအသင်း European Automobile Manufacturers Association (ACEA) ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း၌ အီးယူအဖွဲ့ဝင်နိုင်ငံများအားလုံး၏ ဈေးကွက်များတွင် ကျဆင်းခဲ့ခြင်းဖြစ်ပြီး၊ အီတလီနိုင်ငံတွင် အရောင်းကျဆင်းမှု အကြီးမားဆုံးဖြစ်ပေါ်ခဲ့ကြောင်း၊ အီတလီတွင် မော်တော်ယာဉ်အသစ်များ မှတ်ပုံတင်သည့်စီးရေ (၂၈၃၂၆) ရှိခဲ့ပြီး (၈၅.၄) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံတွင်လည်း ရောင်းအားသိသိသာသာ ကျဆင်းခဲ့ပြီး (၇၂.၂) ရာခိုင်နှုန်း၊ စပိန်နိုင်ငံတွင်မော်တော်ယာဉ်ရောင်းအားကျဆင်းမှု (၆၉.၃) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဂျာမနီနိုင်ငံတွင် (၃၇.၇) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အဆိုပါ အသင်းက ပြောကြားထားပါသည်။

၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလတာကာလတွင် မော်တော်ယာဉ်ရောင်းချရမှု အရေအတွက် (၂.၄၈) သန်းရှိခဲ့ပြီး ရောင်းချရမှုတွင် (၂၅.၆) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းများအားလုံးထိခိုက်မှုရှိခဲ့ပြီး၊ Fiat Chrysler မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီအနေဖြင့် ယင်း၏ ပြည်တွင်းဈေးကွက်ဖြစ်သည့် အီတလီနိုင်ငံဈေးကွက်အပေါ် အလွန် အမင်းမှီခိုရမှုကြောင့် (၇၆.၆) ရာခိုင်နှုန်းဖြင့် အဆိုးရွားဆုံးကျဆင်းမှုရှိခဲ့ကြောင်း၊ ဗောက်စ်ဝက်ဂွန် မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီသည် ဥရောပတွင် ရောင်းအားအကောင်းဆုံးကုမ္ပဏီအဖြစ်ဆက်လက်ရပ်တည်နေဆဲ ဖြစ်ကြောင်းနှင့် ယခုနှစ်၏ ပထမသုံးလပတ်ကာလတွင် ရောင်းချရမှု စီးရေ (၆၆၀၀၀၀) ကျော်ဖြင့် ယင်း၏ ဈေးကွက်ဝေစုတွင် (၂၆.၆) ရာခိုင်နှုန်း တိုးတက်မှု ရှိခဲ့ကြောင်း သိရှိရပါသည်။

**Source:** http://today.rtl.lu/news

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## COVID-19 အကျပ်အတည်းကာလတွင် ဟောင်ကောင်ဒေသ၏ စီးပွားရေးကို အဓိကခြောက်လှန့်မှုများကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးကပြောကြားခြင်း

COVID-19 အကျပ်အတည်းကာလတွင် ဟောင်ကောင်ဒေသ၏ ဘဏ္ဍာရေးကဏ္ဍ စိန်ခေါ်မှုများကို ထိန်းချုပ်နိုင်ပြီ ဖြစ်ကြောင်း၊ ဒေသအစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများကို ဟောင်ကောင်ဒေါ်လာ (၄၀၀) မီလီယံအား အာမခံချက် အပြည့်အဝဖြင့် ချေးငွေထုတ်ချေးပေးခဲ့ ကြောင်း၊ အလုပ်လက်မဲ့နှုန်းမှာ မတ်လတွင် (၄.၂) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ COVID-19 ကြောင့် ဟောင်ကောင်ဒေသ အပါအဝင် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးနှင့် ငွေကြေးဈေးကွက်အပေါ် ဖိအားများ ဖြစ်နေသော်လည်း ဟောင်ကောင်ဒေသ၏ ငွေကြေးကဏ္ဍမှာ ထိန်းချုပ်နိုင်ပြီဖြစ် ကြောင်း၊ ဒေသအစိုးရမှ ငွေကြေးကဏ္ဍ တည်ငြိမ်မှုရှိရန် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ် ကြောင်း၊ ငွေကြေးလဲလှယ်နှုန်း တည်ငြိမ်ရန်၊ ဘဏ်များတွင် ပိုင်ဆိုင်မှုများရှိမှုသေချာရန်နှင့်

ငွေကြေးဈေးကွက်အား အကဲဖြတ်စောင့်ကြည့်မှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ငွေကြေးဈေးကွက်၌ ဟောင်ကောင်နှင့် အမေရိကန်ဒေါ်လာလုံလောက်စွာရှိရန်၊ စီးပွားရေးလုပ်ငန်းများ တောင့်တင်းလာစေရန် ဘဏ်များမှလုပ်ငန်းများအား ငွေချေးပေးရန် လုံလောက်သော အရင်းအမြစ်များရှိအောင် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလကအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်း အနည်းဆုံးဖြင့် ဟောင်ကောင်ဒေါ်လာ (၄) မီလီယံအားထုတ်ချေးသွားရန် အစိုးရမှ ရာနှုန်းပြည့်ထောက်ခံပေးပြီး ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း၊ လူမှုဖူလုံရေးအထောက်အပံ့ (Comprehensive Social Security Assistance –CSSA) အစီအစဉ် လျှောက်ထားသူမှာ ဖေဖော်ဝါရီလတွင် ၇၂၄ ဦး ရှိပြီး မတ်လတွင် ၁၈၂၁ ဦးရှိခဲ့ကြောင်း၊ CSSA စာရင်းအရ မတ်လတွင်အလုပ်လက်မဲ့ဦးရေ (၁၄၆၄၇) ဦးရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ ၂၀၀၃ ခုနှစ်က SARs ရောဂါဖြစ်ပွားစဉ်က အလုပ်လက်မဲ့ဦးရေ (၅၁၃၇၂) ဦး ရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အစောပိုင်းက အလုပ်လက်မဲ့နှုန်းမှာ (၂.၈) ရာခိုင်နှုန်းသာရှိခဲ့ကြောင်း၊တရုတ်-အမေရိကန် ကုန်သွယ်ရေး စစ်ပွဲဖြစ်ပွားမှု၊ ၂၀၁၉ ခုနှစ်အတွင်း ဟောင်ကောင်ဒေသ၌ ဖြစ်ပွားခဲ့သော အစိုးရဆန့်ကျင်ဆန္ဒပြမှုနှင့် COVID-19 ဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ်၊ ပထမလေးလပတ်တွင် ဟောင်ကောင်၌ အလုပ်လက်မဲ့ (၄.၂) ရာခိုင်နှုန်းဖြစ်ခဲ့ကြောင်း ဟောင်ကောင်ဘဏ္ဍာရေးဝန်ကြီး Mr. Paul Chan Mo-Po ကပြောကြားခဲ့မှုများ အား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Karen Zhang တို့က "Major Threats to Hong Kong economy are under control during coronavirus crisis, Financial Secretary Paul Chan says" ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## STOCK EXCHANGE (28.4.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 28th Apr. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +600 | +6.06% | 9,900 | 10,500 | 9,900 | 1,282 | 12,861,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +250 | +7.04% | 3,700 | 3,800 | 3,700 | 29,696 | 111,746,150 | 38,929,150 | 147,931 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 2 | 16,600 | 10,400,986 | 86,328 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 72 | 1,584,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 1 | 2,800 | 12,823,224 | 35,905 |

Activate Windows

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 444.92 | +19.89 | +4.68% | 429.29 | 444.92 | 429.29 | 31,053 | 126,210,550 | 5 | 609,233 |

**Index chart**




# Market Overview

As of 12:30 pm, 28th Apr. 2020

| MYANPIX | 444.92 |
|---|---|
| | ▲ 19.89 |
| Total Volume (shares) | 30,818 |
| Total Value (MMK) | 125 mil |
| Listed Company | 5 |
| Market Cap. (MMK) | 609,233 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 600 |
| MTSH | 00002 | 3,800 | ▲ 250 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 0 |